# အစီရင်ခံစာ အမှတ် ၅၊ ၂၀၁၅ ခုနှစ် စက်တင်ဘာ ၉ ရက်
# အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ
# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

ဤအစီရင်ခံစာကိုပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့်ကုလသမဂ္ဂတို့ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပါသည်။
၂၀၁၅ ခုနှစ်၊ စက်တင်ဘာ ၁ ရက်နေ့မှ ၇ ရက်နေ့အထိ ဆောင်ရွက်ချက်များကို စုစည်းတင်ပြထားခြင်း ဖြစ်ပါသည်။

## သတင်းခေါင်းစဉ်




စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်တွင် ရေဘေးကြောင့် ကျန်ရစ်သော အမှိုက်သရိုက်များရှင်းလင်းခြင်းနှင့်
ပြန်လည်နေရာချထားရေးအတွက် ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေပုံ

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ရရှိသောသတင်းအချက်အလက်များအရ ဩဂုတ်လ နောက်ဆုံးပတ်၌ မိုးသည်းထန်စွာ ရွာသွန်းခဲ့မှုကြောင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ချင်းတွင်းမြစ်ရေသည် စိုးရိမ်ရေမှတ်အထက် ကျော်လွန်ခဲ့ပါသည်။ သို့ဖြစ်၍ စစ်ကိုင်းတိုင်းဒေသကြီးတွင် စက်တင်ဘာ ၇ ရက်နေ့အထိ အိမ်ထောင်စု ၂၃၈ စုမှ လူဦး ရေ ၁၀၅၃ ဦးအတွက် ကယ်ဆယ်ရေးစခန်း ၁၁ ခု ထပ်မံ ဖွင့်လှစ် ထားပါသည်။ အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်ဦးစီးဌာန၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းတို့မှ ကျန်းမာရေး စောင့်ရှောက်မှုများပေးခြင်း၊ ကယ်ဆယ်ရေးပစ္စည်းများ ဖြန့်ဝေခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါသည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနမှ စက်တင်ဘာလ ၇ ရက်နေ့တွင် နေပြည်တော်၌ ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၏ ဒုတိယအကြိမ်အစည်းအဝေးကို ကျင်းပခဲ့ပါသည်။ အဆိုပါအစည်းအဝေးတွင် ဘေးသင့်ဒေသများအတွင်း ထိခိုက်ပျက်စီးဆုံးရှုံးမှုဆိုင်ရာ သတင်းအချက်အလက်များ ကောက်ယူရန်နှင့် အသေးစိတ် ဆန်းစစ်လေ့လာမှုများပြုလုပ်ရန် ဆွေးနွေးခဲ့ကြပြီး စက်တင်ဘာလ ၁၄ ရက်နေ့တွင် သတင်းအချက်အလက် အပြည့်အစုံကောက်ယူတင်ပြရန် သတ်မှတ်ခဲ့ပါသည်။

*Headline Figures, 6 September 2015 – Data from MOSWRR, MNPED*

| Affected State/ Region | Destroyed Houses [desc.] | Flood-affected houses (partial and minor damage and destroyed) | Displaced Population | GDP per Capita (USD), flood-affected areas |
|---|---|---|---|---|
| Rakhine | 13,741 | 128,407 | 96,165 | 526 |
| Chin | 2,925 | 3,978 | 21,618 | 357 |
| Sagaing | 2,123 | 87,976 | 418,976 | 1,093 |
| Ayeyarwaddy | 1,251 | 109,416 | 496,116 | 763 |
| Magway | 414 | 64,560 | 305,400 | 1,004 |
| Bago | 269 | 66,839 | 177,315 | 803 |
| Mandalay | 255 | 4,631 | 18,977 | 526 |
| Shan | 128 | 584 | 5,329 | 634 |
| Kachin | 69 | 5,229 | 7,454 | 611 |
| Mon | 45 | 1,593 | 6,632 | 846 |
| Kayin | 1 | 1,225 | 7,325 | 603 |
| Yangon | 0 | 15,459 | 63,082 | 1,046 |
| **Total** | **21,221** | **489,897** | **1,624,389** | **805 (average)** |

## အဓိကသတင်းစကား

နိုင်ငံတော်သမ္မတကြီးမှ ဩဂုတ်လ ၂၄ ရက်နေ့တွင် ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် လမ်းညွှန်ချက်များကိုချမှတ်ပေးခဲ့ပါသည်။ ထို့ပြင် နိုင်ငံတော်သမ္မတကြီးမှ ဘေးသင့်ဒေသတွင် အိမ်များပြန်လည်တည်ဆောက်ရာ၌ ရေဘေးကြောင့် ပျက်စီးသွားသော အိမ်များမှ ဆယ်တင်ပစ္စည်းများ၊ မျောပါလာသော သစ်များအား ပြန်လည်အသုံးပြုရန်အတွက်လည်းကောင်း၊ ဘေးသင့်မိသားစုများအတွက် စံပြအိမ်ပုံစံများ သတ်မှတ်ရန်အတွက်လည်းကောင်း၊ ပြန်လည်တည်ဆောက်ခြင်းလုပ်ငန်းစဉ်အတွက် အလှူငွေနှင့် အလှူပစ္စည်းများ ပူးပေါင်းပါဝင်လှူဒါန်းကြရန်အတွက်လည်းကောင်း အရေးကြီးပါကြောင်း အထူး အလေးအနက်ထား ပြောကြားခဲ့ပါသည်။




သဘာဝဘေးအန္တရာယ်ဆိုင်ရာ ပြန်လည်ထူထောင်ရေးဖိုရမ်ကို ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ဦးဆောင်၍ စက်တင်ဘာလ ၈ ရက်နေ့တွင် ရန်ကုန်မြို့၌ ကျင်းပ ပြုလုပ်ခဲ့ပြီး အဆိုပါဖိုရမ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများ ပြန်လည်ထူထောင်ရေးကို သာမက ဝင်ငွေပုံမှန်ရရှိစေရေးအခွင့်အလမ်းများ ဖန်တီးပေးခြင်းကို အလေးထားဖော်ဆောင်ကြရန်ဟူသော နိုင်ငံတော်သမ္မတကြီး၏ ရေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ခြင်းဆိုင်ရာ လမ်းညွှန်ချက်ကို အလေးထားဆွေးနွေးခဲ့ပါသည်။ ဒုတိယသမ္မတမှ ပြန်လည်ထူထောင်ရေးဆိုင်ရာ ဆောင်ပုဒ်ဖြစ်သော "မည်သူမျှ မကျန်ခဲ့စေရ" (no one left behind) မူနှင့်အညီ ပိုမိုကောင်းမွန်သည့်ဖွံ့ဖြိုးမှု လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ကြရန် အလေးအနက်ထား မှာကြားခဲ့ပါသည်။

နိုင်ငံတော်သမ္မတကြီးမှ လယ်ယာမြေများ ပြန်လည်စိုက်ပျိုးနိုင်ရန်အတွက် ပျက်စီးသွားသော လယ်ယာမြေများမှ သဲ၊ နုန်းနှင့် အမှိုက်များ ဦးစွာ ရှင်းလင်းဖယ်ရှားရမည်ဖြစ်ကြောင်း၊ ပဋိပက္ခဖြစ်မှုများကို ရှောင်ရှားနိုင်ရန်အတွက် မြေယာ ပိုင်ဆိုင်ခွင့်နှင့် ပိုင်ဆိုင်မှုများကို ရှင်းလင်းစွာ ပြုလုပ်ထားကြရမည်ဖြစ်ကြောင်း၊ ယခုရာသီအတွင်း စပါးပြန်လည် စိုက်ပျိုးနိုင်ခြင်းမရှိပါက ဆောင်းသီးနှံများကို အစားထိုးစိုက်ပျိုးကြရန် အလေးအနက်ထား ပြောကြားခဲ့ပါသည်။ ထို့ပြင် စိုက်ပျိုး စရိတ်ချေးငွေများကိုလည်း ယာယီဆိုင်းငံ့ပေးထားပြီး လက်ရှိ စိုက်ပျိုးစရိတ်အကြွေးများကိုလည်း ပြန်လည် ပေးဆပ်ရမည့်အချိန်နှင့် ပမာဏတို့ကို ပိုမိုသက်ညှာသောနည်းလမ်းဖြင့် စဉ်းစားဆောင်ရွက်ပေးရန်နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း စဉ်သည် မိရိုးဖလာစိုက်ပျိုးရေးနည်းလမ်းမှ ခေတ်မီတိုးတက်သော စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်မည့် အခွင့်အရေးတစ်ရပ်ဖြစ်ကြောင်းတို့ကို ပြောကြားခဲ့ပါသည်။

နိုင်ငံတော်သမ္မတကြီးမှ ဦးစားပေးဆောင်ရွက်ရန်ပြောကြားသည့် နောက်တစ်ချက်မှာ အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အလမ်းများ ဖန်တီးပေးခြင်း ဖြစ်ပါသည်။ ကျေးလက်ဒေသများတွင် အသေးစားစီးပွားရေးလုပ်ငန်းများ ပြန်လည် ထူထောင်နိုင်ရေးအတွက် ချေးငွေများ ထောက်ပံ့ပေးသွားရန်နှင့် ဘေးသင့်ပြည်သူများ ကျွမ်းကျင်မှုအသစ်များ ရရှိ အသုံးချနိုင်ကြစေရန်အတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများကိုလည်း ထိရောက်စွာ ဖွင့်လှစ်ပေးရေး လမ်းညွှန်မှာကြားခဲ့ပါသည်။

ကာလတို ဝင်ငွေရရှိနိုင်ရေးအခွင့်အလမ်းများကို အလုပ်အကိုင်ဖန်တီးပေး၍ ငွေကြေးထောက်ပံ့ခြင်း(cash-for-work) လုပ်ငန်းစဉ်များမှတဆင့် ဖန်တီးပေးသွားမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းများကို ဆင်းရဲနွမ်းပါးသောဒေသများနှင့် ဘေးသင့်အိမ်ခြေများကို ဦးတည်စဉ်းစားကာ ဒေသ၏လိုအပ်ချက်များနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။ နိုင်ငံတော်သမ္မတကြီးမှ ပူးပေါင်းဆောင်ရွက်မှုများ တိုးမြင့်လာကြရန်နှင့် စေတနာ့ဝန်ထမ်းလူငယ်များမှလည်း ပူးပေါင်းပါဝင်ကြရန် ပြောကြားခဲ့ပါသည်။

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် မြန်မာ

နိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းတို့ပူးပေါင်း၍ သက်ကြီးရွယ်အိုများ၊ ကိုယ်ဝန်ဆောင်များ၊ မသန်စွမ်းသူများနှင့် ကလေးသူငယ်များအပါအဝင် ထိခိုက်လွယ်သောအုပ်စုများကို ထောက်ပံ့ပေးလျက်ရှိပါသည်။ လူမှုဝန်ထမ်းဦးစီးဌာနမှ အဆိုပါထိခိုက်လွယ်သောအုပ်စုများအတွက် ငွေကြေးထောက်ပံ့မှုစနစ်တစ်ရပ်ကို ထူထောင်သွားမည်ဖြစ်ပါသည်။ ခိုင်မာသော လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် ထောက်ပံ့မှုများသည် လူကုန်ကူးခြင်းနှင့် အမြတ်ထုတ် အသုံးချခြင်းတို့အပါအဝင် နေရပ်စွန့်ခွာရွှေ့ပြောင်းခြင်းနှင့် ဆက်စပ်အန္တရာယ်များဖြစ်နိုင်ခြေကို လျော့ပါးစေမည် ဖြစ်ပါသည်။


နိုင်ငံတော်သမ္မတကြီးမှ ဘေးသင့်ပြည်သူများအား ကာလတိုငွေကြေးထောက်ပံ့မှုများသာမက စားရေရိက္ခာများလည်း ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း ကတိပေးပြောကြားခဲ့ပြီး ထိခိုက်အလွယ်ဆုံးနှင့် အလိုအပ်ဆုံးသူများ သတ်မှတ်နိုင်ရန် ရပ်ရွာအခြေပြုဦးစားပေး ဆောင်ရွက်ခြင်းနှင့် အကျိုးခံစားခွင့်ရရှိထိုက်သူများအား စနစ်တကျ သတ်မှတ်ရွေးချယ်ခြင်းတို့ကို ဆောင်ရွက်ရန် လိုအပ်ကြောင်းကိုလည်း လမ်းညွှန်မှာကြားခဲ့ပါသည်။

ထို့နောက် နိုင်ငံတော်သမ္မတကြီးမှ ပြည်သူပိုင် အခြေခံအဆောက်အဦများ ပြန်လည်တည်ဆောက်ပေးခြင်းနှင့် လျှပ်စစ်မီး၊ ရေ၊ ကျန်းမာရေး၊ ပညာရေးနှင့် ပို့ဆောင်ဆက်သွယ်ရေးစသော အခြေခံဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်ပြုပြင် ထိန်းသိမ်းပေးခြင်းတို့ကို တတ်နိုင်သမျှ အမြန်ဆုံး ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း ပြောကြားခဲ့ပါသည်။

## အခြေအနေသုံးသပ်ချက်

စက်တင်ဘာ ၆ ရက်နေ့သတင်းအချက်အလက်များအရ ရေဘေးသင့် တိုင်းဒေသကြီး/ပြည်နယ် ၁၂ ခုတွင် ဘေးသင့် ပြည်သူပေါင်း ၁,၆၂၄,၃၈၉ ဦး ဘေးလွတ်ရာသို့ ပြောင်းရွှေ့ခဲ့ရပါသည်။ စုစုပေါင်း အိမ်ခြေ ၄၈၉,၈၉၇ လုံး ရေဘေးသင့်ကာ ၎င်းအနက်မှ ၂၀,၂၂၀ လုံး လုံးဝပျက်စီးခဲ့ပြီး ၄၆၈,၆၇၆ လုံး တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့ပါသည်။ ရေဘေးကြောင့် လယ်ယာမြေ ၁,၄၇၅,၉၇၂ ဧက ရေဝင်နစ်မြုပ်ခဲ့ပြီး ၁,၁၁၅,၃၃၉ ဧက ပျက်စီးကာ ၎င်းအနက်မှ ၈၄၇,၄၇၁ ဧက မှာ ဆိုးဝါးစွာ သီးနှံပျက်စီးခဲ့ပြီး ၄၁၄,၆၃၅ ဧကမှာ ပြန်လည်စိုက်ပျိုးပြီး ဖြစ်ပါသည်။

ယနေ့အထိ နိုင်ငံတော်အစိုးရမှ ရေဘေးတုံ့ပြန်ရေးလုပ်ငန်းဆောင်ရွက်မှုများအတွက် ၁၉ ဘီလီယံ ကျပ် (အမေရိကန်ဒေါ်လာ ၁၆.၃ သန်း) သုံးစွဲခဲ့ပြီးဖြစ်ပါသည်။ အောက်ပါဇယားတွင် တိုင်းဒေသကြီး/ပြည်နယ်တစ်ခုချင်းအလိုက် နိုင်ငံတော်အစိုးရမှ ကျခံသုံးစွဲခဲ့သည့် ကုန်ကျစရိတ်များကို ဖော်ပြထားပါသည်။ အစီရင်ခံစာ အမှတ် (၄)တွင် ဖော်ပြထားခဲ့သည့်အတိုင်း ဦးစားပေးမြို့နယ်များသတ်မှတ်သည့်စနစ်ကိုပင် ပြန်လည်အသုံးပြု ထားပါသည်။ အရောင်ရင့်များသည် ထိခိုက်ပျက်စီးမှုနှင့် ဆင်းရဲနွမ်းပါးမှုအများဆုံးကို ညွှန်းဆိုခြင်းဖြစ်ပြီး ဘားတစ်ခုချင်းစီ၏ထိပ်ရှိဂဏန်းများသည် ဒေသအသီးသီးရှိ ကျခံသုံးစွဲခဲ့သည့်ကုန်ကျစရိတ်တိုးမြင့်လာမှုကို ဖော်ပြထားခြင်းဖြစ်ပါသည်။ အောက်ပါဇယားတွင် ဖော်ပြထားသောအချက်အလက်များသည် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များမှ ရယူထားခြင်းဖြစ်ပါသည်။




ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့သည် ပျက်စီးအိမ်ခြေစုစုပေါင်း၏ ၇၉%၊ စီးပွားရေးအရ ထိခိုက်ဆုံးရှုံးမှု စုစုပေါင်း၏ ၃၆% ရှိသော်လည်း ငွေ ကြေးထောက်ပံ့မှုပိုင်းတွင် နိုင်ငံတော်အစိုးရမှ ယနေ့အထိကျခံသုံးစွဲခဲ့သည့် ငွေပမာဏ၏ ၁၇% ရှိပါသည်။ အစီရင်ခံစာ အမှတ်(၄)တွင် အခြားသော တိုင်းဒေသကြီး/ပြည်နယ်များထက် ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်အတွင်း ကျခံ သုံးစွဲခဲ့သည့် ငွေပမာဏ မြင့်တက်လျက်ရှိပါသည်။ အောက်ပါဇယားတွင် စက်တင်ဘာ ၂ ရက်နေ့မှစ၍ တိုင်းဒေသကြီး/ ပြည် နယ်များအလိုက် နိုင်ငံတော်အစိုးရမှ တိုးမြင့်၍ ကျခံသုံးစွဲခဲ့သော ငွေပမာဏ၊ ရာခိုင်နှုန်းများကို ဖော်ပြထားပါသည်။

*Government Expenditures – Data from MOSWRR, MOE, MOBA, State and Region Governments*

| State/Region | Expenditures, 24 August (MMK) | Expenditures, 31 August (MMK) | Expenditures, 6 September (MMK) | Increase in expenditures (MMK) | State/Region exp. as Percentage of Total exp. | Percentage increase since previous report [desc.] |
|---|---|---|---|---|---|---|
| Kayin | 126,039,390 | 193,702,850 | **505,468,790** | 311,765,940 | 3% | 161% |
| Mon | 126,377,570 | 126,377,570 | **234,031,570** | 107,654,000 | 1% | 85% |
| Shan | 395,608,822 | 577,504,025 | **945,772,922** | 368,268,897 | 5% | 64% |
| Mandalay | 203,349,310 | 247,626,730 | **392,260,210** | 144,633,480 | 2% | 58% |
| Rakhine | 828,921,824 | 1,570,103,970 | **2,371,752,824** | 801,648,854 | 12% | 51% |
| Yangon | 383,871,490 | 498,884,050 | **750,510,390** | 251,626,340 | 4% | 50% |
| Chin | 172,787,968 | 751,144,610 | **1,000,580,468** | 249,435,858 | 5% | 33% |
| Sagaing | 230,320,660 | 1,303,413,799 | **1,681,452,200** | 378,038,401 | 9% | 29% |
| Bago | 3,003,955,372 | 3,494,512,760 | **3,670,353,371** | 175,840,611 | 19% | 5% |
| Ayeyarwaddy | 1,891,719,004 | 5,337,048,520 | **5,528,403,004** | 191,354,484 | 29% | 4% |
| Magway | 522,578,650 | 1,718,786,550 | **1,747,851,650** | 29,065,100 | 9% | 2% |
| Kachin | 149,080,840 | 217,720,120 | **218,840,206** | 1,120,086 | 1% | 1% |
| **Total** | **8,034,610,900** | **16,036,824,997** | **19,047,277,605** | **2,591,032,111** | **100%** | **16%** |

## ရန်ပုံငွေဖြန့်ခွဲသုံးစွဲခြင်းကဏ္ဍ




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့် ကုလသမဂ္ဂတို့မှ ရေဘေးတုံ့ပြန်ရေးလုပ်ငန်းများအတွက် စုစုပေါင်း ၁၅၅ ဘီလီယံ ကျပ် (အမေရိကန်ဒေါ်လာ ၁၃၃ သန်း) ကျခံသုံးစွဲမည် ဖြစ်ပါသည်။ နိုင်ငံတော်အစိုးရမှ ကယ်ဆယ်ရေးလုပ်ငန်း

များအတွက် ၆၁ ဘီလီယံ ကျပ် (အမေရိကန်ဒေါ်လာ ၅၃ သန်း) ခွဲဝေသတ်မှတ်ထားပြီး ၎င်းတွင် နိုင်ငံတော်သမ္မတ အရေးပေါ်ရံပုံငွေမှ ၄၂.၂ ဘီလီယံ ကျပ်၊ နိုင်ငံတော်အစိုးရမှ ၄.၄ ဘီလီယံ ကျပ်၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရ ၊ ပြင်ပ အလှူရှင်များနှင့် လူမှုရေးအသင်းအဖွဲ့များမှ ၁၄.၇ ဘီလီယံ ကျပ်တို့ပါဝင်ပါသည်။ ကုလ သမဂ္ဂ၏ Central Emergency Response Fund (CERF)အပါအဝင် နိုင်ငံတကာမှ အလှူငွေ အမေရိကန် ဒေါ်လာ သန်း ၈၀ ရရှိပြီး ဖြစ်ပါသည်။ အခြား ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ ၊ နိုင်ငံတကာ ပုဂ္ဂလိကကဏ္ဍနှင့် အလှူရှင်များမှ တုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်း များအတွက် ၎င်းတို့၏ထောက်ပံ့ကူညီပေးနေမှုများနှင့် အရင်း အမြစ်ဖြန့်ခွဲထားရှိမှုများကို အသိပေးကြေညာထားခဲ့ပါသည်။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရအနေဖြင့် ဂျပန်၊ ဩစတြေးလျ၊ ကနေဒါ၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ ထိုင်း၊ ကမ္ဘော ဒီးယား၊ အိန္ဒိယ၊ သီရိလင်္ကာနှင့် နိုင်ငံတကာ ပုဂ္ဂလိက ကဏ္ဍတို့မှ စုစုပေါင်း ခန့်မှန်းအလှူငွေ အမေရိကန်ဒေါ်လာ ၃.၄ သန်းနှင့် ကယ်ဆယ်ရေးပစ္စည်းများကို လက်ခံရရှိခဲ့ပြီး ဖြစ်ပါသည်။ အချို့သော အလှူရှင်အဖွဲ့အစည်းများနှင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံ တို့၏ထည့်ဝင်မှုများသည် အထက်ပါဇယားတွင် သီးခြားဖော်ပြထားခြင်း မရှိဘဲ ဘက်စုံသုံးရန်ပုံငွေ (Multi-lateral fund) (ဥပမာ - အာဆီယံ၊ ဥရောပကော်မရှင်၊ အာရှဖွံ့ဖြိုးရေးဘဏ်၊ LIFT၊ 3 MDG Fund) တွင် ထည့်ဝင်ထားခြင်းဖြစ်ပါသည်။

## အခိုအကာနှင့် ကယ်ဆယ်ရေးကဏ္ဍ

### စားနပ်ရိက္ခာဖူလုံမှုနှင့် စိုက်ပျိုးရေး

အောက်ပါဇယားတွင် ရေဘေးသင့်တိုင်းဒေသကြီး/ပြည်နယ်တစ်ဝှမ်း ပြန်လည်စိုက်ပျိုးနိုင်သော လယ်ယာမြေ တိုးတက်မှုကို ဖော်ပြထားပါသည်။ လယ်ယာမြေအများဆုံးထိခိုက်ပျက်စီးခဲ့ပြီး ပြန်လည်မစိုက်ပျိုးနိုင်သေးသောဒေသများမှာ ဧရာဝတီ တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ဖြစ်ပြီး အဆိုပါဒေသများတွင် ရေကြီးမှုများဆက်လက် ဖြစ်ပေါ်နေခြင်း၊ လယ်ယာမြေများသည် မြစ်အောက်ပိုင်းတစ်လျှောက်ရှိ တိုင်းဒေသကြီး/ပြည်နယ်များတွင် လယ်ယာမြေ များ၌ ရေများ ကောင်းစွာ ပြန်လည်စီးထွက်နိုင်မှု မရှိခြင်းတို့ကြောင့် ဖြစ်ပါသည်။ ချင်းပြည်နယ်အတွင်း တီးတိန်၊ တွန်းဇံ၊ ဖလမ်း၊ ဟားခါး၊ ထန်တလန်၊ ပလက်ဝနှင့် မင်းတပ်မြို့များအပါအဝင် ဘေးသင့်ဒေသများတွင် လယ်ယာမြေများ ပြန်လည် စိုက်ပျိုးနိုင်ခြင်း မရှိသေးပါ။ ထိုသို့ဖြစ်ရခြင်းမှာ အဆိုပါဒေသများအတွင်း မြေပြိုမှုများဖြစ်ပွားပြီး ထိခိုက်ပျက်စီးမှုနှုန်း မြင့်မားခြင်းကြောင့် ဖြစ်ပါသည်။ အဆိုပါမြို့နယ်များသည် ထိခိုက်ပျက်စီးမှုအများဆုံးဒေသများ၏ မြစ်အထက်ပိုင်းတွင် တည်ရှိသော်လည်း ပြန်လည်စိုက်ပျိုးနိုင်ခြင်းမရှိသော လယ်မြေဧက ရာခိုင်နှုန်း အမြင့်မားဆုံးရှိနေပြီး ချင်းပြည်နယ်၏ ပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှု GDPသည် အမေရိကန်ဒေါ်လာ ၃၅၇ ဖြစ်သဖြင့် ဘေးသင့်မြို့နယ်များအားလုံး၏ ပျမ်းမျှပြည်တွင်းအသားတင်ကုန်ထုတ်လုပ်မှု GDP အမေရိကန်ဒေါ်လာ ၈၀၅ အောက် လျော့ကျလျက်ရှိကြောင်း သုံးသပ် တွေ့ရှိရပါသည်။


*Overview of damaged farmland per state/ region and its re-cultivation – Data from the Ministry of Agriculture and Irrigation, 6 September*

| State/ Region | Damaged Farmland (acres) | Damaged Farmland not re-cultivated (acres) [desc.] | % Damaged farmland not Re-cultivated |
|---|---:|---:|---:|
| Ayeyarwaddy | 209,971 | 192,136 | 92% |
| Bago | 152,847 | 67,290 | 44% |
| Sagaing | 121,409 | 59,953 | 49% |
| Magway | 65,858 | 50,714 | 77% |
| Yangon | 56,486 | 45,562 | 81% |
| **Chin** | **7,867** | **7,495** | **95%** |
| Kachin | 12,791 | 5,761 | 45% |
| Shan | 2,863 | 2,417 | 84% |
| Rakhine | 217,246 | 1,454 | 1% |
| Kayin | 106 | 32 | 30% |
| Mandalay | 27 | 22 | 81% |

လူသားချင်းစာနာထောက်ထားမှု မိတ်ဖက်အဖွဲ့အစည်းများမှ ဘေးသင့်ပြည်သူ ၄၅၅,၂၆၉ ဦးအတွက် ၁ လစာဆန်ရိက္ခာ၊ ပဲမျိုးစုံ၊ ဟင်းချက်ဆီ၊ ဆား နှင့် အာဟာရတန်ဖိုးမြင့်ဘီစကစ် စသည့် စားရေရိက္ခာ မက်ထရစ်တန် ၃,၂၄၁ တန် ထောက်ပံ့ ပေးခဲ့ပြီးဖြစ်ပါသည်။ ထို့ပြင် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နယ်တွင် အစားအစာ ၁၄ မက်ထရစ်တန်ကိုဖြန့်ဝေပေးခဲ့ပြီး နိုင်ငံတော်အစိုးရမှလည်း လူသားချင်းစာနာထောက်ထားမှု မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ဆိုင်ကလုန်း ကိုမန်နှင့် ရေဘေးကြောင့် စိုက်ပျိုးရေး၊ အသက်မွေးဝမ်းကျောင်းနှင့် စားနပ်ရိက္ခာဖူလုံမှုတို့အပေါ် ထိခိုက်မှုတို့ကို ပူးတွဲဆန်းစစ်ချက်များ ဆောင်ရွက်မည်ဖြစ်ပါသည်။ အဆိုပါ ဆန်းစစ်ချက်တွင် စိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ သစ်တောနှင့် မွေးမြူရေးကဏ္ဍတို့တွင် အဓိကထိခိုက်ပျက်စီးဆုံးရှုံးမှုများ ဖော်ထုတ် သတ်မှတ် ခြင်း၊ အစားအစာဖူလုံမှုဆန်းစစ်အကဲဖြတ်ခြင်း၊ ဘေးသင့်ပြည်သူများ၏ ထိခိုက်လွယ်မှုအခြေအနေနှင့် ၎င်းတို့၏ဖြေရှင်းဆောင်ရွက်နိုင်မှုများ၊ ဒေသတွင်းဈေးကွက်ပျက်စီးမှုအတိုင်းအတာတို့ကို ကောက်ယူဖော်ပြမည်ဖြစ်ပါသည်။

## အခိုအကာနှင့် အစားအစာမဟုတ်သောလူသုံးကုန်ပစ္စည်းများ

ဆောက်လုပ်ရေးဝန်ကြီးဌာနသည် National Skills Standards Authority Frameworkနှင့်အညီ ဘေးကင်းလုံခြုံသော ဆောက်လုပ်မှုများမြှင့်တင်ခြင်းကို ကုလသမဂ္ဂအခိုအကာအစုအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ အခိုအကာနှင့်ပတ်သက်သည့် ပိုမိုပြည့်စုံသော သတင်းအချက်အလက်များ မရရှိသေးသော်လည်း ကုလသမဂ္ဂ အခိုအကာအစုအဖွဲ့သည် ထိခိုက်ပျက်စီးအိမ်အရေအတွက်ပေါ်မူတည်ကာ ဘေးသင့်ပြည်သူများ၏အခိုအကာလိုအပ်ချက်ကို ခန့်မှန်းတွက်ချက်လျက်ရှိပါသည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အချက်အလက်ကို အသုံးပြုဖော်ပြထားသော အောက်ပါဇယားတွင် မြို့နယ်အလိုက် ထိခိုက်ပျက်စီးအိမ်အရေအတွက်ကို ဖော်ပြထားပြီး ယင်းတွင် ထိခိုက်ပျက်စီးအိမ်ခြေ ၆၀၀ ခန့်ရှိသော မြို့နယ် ၁၇၈ မြို့နယ် (စုစုပေါင်း ထိခိုက်ပျက်စီးအိမ်ခြေ၏ ၃%)ကို ထည့်သွင်းမဖော်ပြထားပါ။



178 townships representing 600 or about 3% of all destroyed houses have been filtered out and are not displayed here.

ဘူးသီးတောင်မြို့နယ်သည် ထိခိုက်ပျက်စီးမှု အပြင်းထန်ဆုံးဖြစ်ပြီး အဆိုပါမြို့နယ်နှင့် ရခိုင်ပြည်နယ်မြောက်ပိုင်း၏ အခြားသောနေရာများတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ နည်းပါးနေပါသေးသည်။ ဘူးသီးတောင်မြို့နယ်အပြင် ဟားခါး၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ တွန်းဇံနှင့် ပလက်ဝမြို့နယ်များသည်လည်း ဘေးဖြစ်ပွားမှု ပြင်းထန်ခြင်းကြောင့် လုံးဝပျက်စီးအိမ်ခြေနှုန်း မြင့်မားလျက်ရှိပါသည်။ ကုလသမဂ္ဂ၏ အခိုအကာအစုအဖွဲ့၏ ခန့်မှန်းချက်အရ အိမ်ခြေလုံးဝပျက်စီးသည့် စုစုပေါင်းလူဦးရေ ၈၈,၀၀၀ ဦးရှိပြီး ရခိုင်ပြည်နယ်တွင် ၅၂,၀၀၀ ဦး၊ အခြားဒေသများတွင် ၃၆,၀၀၀ ဦး

ဖြစ်ပါသည်။ အခိုအကာအစုအဖွဲ့မှရရှိသော သတင်းအချက်အလက်များအနက် ချင်းပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး တို့၏ သတင်းအချက်အလက်များမှာ ပိုမိုတိကျမှန်ကန်ပါသည်။ ရခိုင်ပြည်နယ်မှလွဲ၍ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများသည် ဧရာဝတီတိုင်းဒေသကြီးတွင် အိမ်ခြေ ၉၅၂၅ အား အရေးပေါ်အခိုအကာများ ထောက်ပံ့ပေးခဲ့ပြီး ဘေးသင့်လူဦးရေ ၃ပုံ ၂ပုံ၏ လိုအပ်ချက်များကို ဖြည့်ဆည်း ပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ သို့သော် တစ်ချို့ သောဒေသများသည် တောင်တန်းဒေသများ၊ မြစ်ဝကျွန်းပေါ်ဒေသများဖြစ်၍ လူမှုရေးအဖွဲ့အစည်းများအနေဖြင့် သွားလာ ရန်ခက်ခဲခြင်း၊ အခိုအကာအစုအဖွဲ့များအနေဖြင့်လည်း ဘေးသင့်ဒေသများအားလုံးသို့ ဖြန့်ကျက် ထောက်ပံ့ပေးနိုင်စွမ်း အားနည်းမှုတို့ကြောင့် စိန်ခေါ်မှုများအဖြစ် ရှိနေဆဲဖြစ်ပါသည်။

## ကာကွယ်စောင့်ရှောက်ခြင်း

ဆက်လက်ဖြစ်ပေါ်နေသော ရေဘေးအန္တရာယ်ကြောင့် ပြည်သူများ၏ နေ့စဉ်ဘဝများနှင့် လှုပ်ရှားဆောင်ရွက်မှုများတွင် ရေရှည်ထိခိုက်မှုများ ဖြစ်ပေါ်လျက်ရှိပြီး စိတ်ပိုင်းဆိုင်ရာ လူမှုရေးစောင့်ရှောက်မှုပေးရန် အထူးလိုအပ်လျက်ရှိပါသည်။ စိတ်ပိုင်းဆိုင်ရာ လူမှုစောင့်ရှောက်မှုပေးရန်၊ ရွေ့လျားဖြစ်ရပ်စီမံခန့်ခွဲမှုအဖွဲ့များစီစဉ်ဆောင်ရွက်ပေးရန်နှင့် ဘေးသင့်ဒေသ များအတွင်း ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာအသိပညာများ အထူးသဖြင့် ဘေးသင့်သူ အမျိုးသမီးများနှင့် အမျိုးသမီး ငယ်ရွယ်များအား အသိပညာများပေးခြင်းတို့ မြှင့်တင်ဆောင်ရွက်ရန်အတွက် လေ့ကျင့်သင်တန်းပေးထားသော ဖြစ်ရပ်စီမံ ခန့်ခွဲမှုကျွမ်းကျင်လုပ်သားများကို ချင်းပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ဒေသများသို့ စေလွှတ်ခဲ့ပါသည်။ ရွေ့လျားအဖွဲ့များနှင့် ကလေးပျော်နေရာများမှတဆင့် ချင်းပြည်နယ်၊ မကွေး တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးတို့ရှိ အထိခိုက်ဆုံး မြို့နယ် ၁၂ မြို့နယ်တွင် ဘေးသင့် အမျိုးသား၊ အမျိုးသမီးငယ်ရွယ်များအား စိတ်ပိုင်းဆိုင်ရာ လူမှုရေးစောင့်ရှောက်မှုများပေးလျက်ရှိပါသည်။

သွားလာရန်ခက်ခဲသည့် ဒေသများသို့ ထောက်ပံ့မှုများရောက်ရှိစေရန်အတွက် ရေဘေးသင့်ဒေသများအတွင်း ဒေသခံ အဖွဲ့ အစည်းများ၏ စွမ်းဆောင်ရည်များ ပိုမိုအားကောင်းရန် ဆောင်ရွက်ထားရှိပြီး ကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ ကျွမ်းကျင်သူ များနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများ အထူးသဖြင့် ကလေးသူငယ် ကာကွယ်စောင့် ရှောက်ခြင်း၊ လိင်ပိုင်းဆိုင်ရာနှင့် ကျားမအခြေပြုကျူးလွန်စော်ကားမှုများဆိုင်ရာ ကျွမ်းကျင်သူများမရှိခြင်းတို့ကြောင့် ကာကွယ် စောင့်ရှောက်ရေးဆိုင်ရာအန္တရာယ်ဖြစ်နိုင်ခြေများကို ဆန်းစစ်ရန်နှင့် တုံ့ပြန်ဆောင်ရွက်ရန် ကန့်သတ်ချက်များ ရှိနေပါသည်။

## ကျန်းမာရေး၊ အာဟာရနှင့် သန့်ရှင်းရေးကဏ္ဍ

### ကျန်းမာရေး

ကျန်းမာရေးအစုအဖွဲ့မှ သတင်းအချက်အလက်များအရ ရေဘေးသင့်ဒေသတစ်လျှောက်ရှိ ဘေးသင့်ပြည်သူ ၁.၆ သန်း ကျော်သည် ကျန်းမာရေးစောင့်ရှောက်မှုများ လိုအပ်လျက်ရှိပြီး ကျန်းမာရေးဝန်ဆောင်မှုများနှင့် မျိုးဆက်ပွားကျန်းမာရေး စောင့်ရှောက်မှုများ ပြန်လည်ဝန်ဆောင်မှုပေးနိုင်ရန် အရေးတကြီး လိုအပ်လျက်ရှိပါသည်။ ဘေးသင့်ဒေသအတော်များများ တွင် ကျန်းမာရေးစောင့်ရှောက်မှုပေးသူများ၊ အမျိုးသမီး ကျန်းမာရေးဆရာမများ ရှားပါးခြင်းကြောင့် ကျန်းမာရေး စောင့်ရှောက်မှုများပေးရန် အတိုင်းအတာတစ်ရပ်အထိ အခက်အခဲရှိနေဆဲဖြစ်ပါသည်။ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာမိတ်ဖက်အဖွဲ့အစည်းများသည် ကျန်းမာရေးဝန်ကြီးဌာနနှင့်ပူးပေါင်းကာ သန့်ရှင်းရေးသုံးပစ္စည်းထုပ်များဖြန့်ဝေခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုပေးသူများကို စေလွှတ်ခြင်းများ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ရခိုင်ပြည်နယ်တွင် လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများသည် ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လျက် ရှိပြီး အသက်ကယ်ဆေးဝါးများကိုလည်း ဘေးသင့်ပြည်သူပေါင်း ၁၇၀,၀၀၀ ဦးအတွက် ထောက်ပံ့ပေးနိုင်ခဲ့ပြီး ဖြစ်ပါသည်။ ထိခိုက်ပျက်စီးသည့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းအရေအတွက်သည် ၂၂၄ မှ ၂၀၈ သို့ လျော့နည်းလာပြီး အခြေခံ ကျန်းမာရေး စောင့်ရှောက်မှုဌာန ၈ ခုသည် မူလအတိုင်း လုပ်ငန်းလည်ပတ်ဆောင်ရွက်နိုင်ခြင်း မရှိသေးပါ။

*Damage to Health Facilities, 7 September 2015 – Department of Public Health; changes during this reporting period in brackets*

| State/Region | Damaged Health facilities | Facilities with loss of medicine and damaged equipment | healthcare facilities which cannot resume normal functions |
|---|---|---|---|
| Ayeyarwaddy | 97 (-1) | 1 (-1) | 1 |
| Rakhine | 62 (-7) | 0 | 2 |
| Bago | 22 (-3) | 1 (-2) | 0 |
| Sagaing | 11 (-2) | 21 (-2) | 4 (-1) |
| Magway | 8 (-1) | 6 (-2) | 0 |
| Chin | 7 | 0 | 1 |
| Yangon | 1 | 0 | |
| Shan | 0 | 1 | |
| **Total** | **208 (-25)** | **30** | **8** |

မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ဗဟိုကူးစက်ရောဂါဌာနမှ အလျင်အမြန်တုံ့ပြန်ရေးအဖွဲ့တို့သည် ကူးစက်ရောဂါများ ပြန့်ပွားခြင်းမှ ကာကွယ်ရန် ကယ်ဆယ်ရေးစခန်းစီမံခန့်ခွဲမှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ရေကြောင့် ဖြစ်တတ်သော ကူးစက်ရောဂါများ ဖြစ်ပွားနိုင်သည့်အန္တရာယ်များလည်း ရှိနေဆဲဖြစ်ပါသည်။ စက်တင်ဘာလ ၇ရက်နေ့ သတင်းအချက်အလက်များအရ ရွှေ့လျားဆေးပေးခန်း ၄၀၄ခု နှင့် ယာယီဆေးပေးခန်း ၁၁၂၁ (အစီရင်ခံစာ အမှတ် ၄ တွင် ဖော်ပြခဲ့သည်ထက် ဆေးခန်း ၁၀ ခုပိုလာပါသည်။) ကို ထူထောင်ပေးထားပြီး လူနာပေါင်း ၂၃၆,၂၅၆ ဦးကို ကျန်းမာရေး စောင့်ရှောက်မှုပေးနိုင်ခဲ့ပါသည်။ ဩဂုတ် ၂၈ ရက်နေ့မှ စက်တင်ဘာ ၃ ရက်နေ့အထိ ထိုင်းနိုင်ငံ စစ်ဘက်ဆိုင်ရာ ဆေးအဖွဲ့မှ ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့်ပူးပေါင်းကာ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၆ မြို့နယ်တွင် ကျန်းမာရေး စောင့်ရှောက်မှုများ ပေးခဲ့ပါသည်။

*Government Response in the Health Sector, 7 September 2015 – Ministry of Health*
*Changes since previous reporting period in brackets*

| State/Region | No. Mobile Clinics | No. Temporary Clinics |
|---|---|---|
| Ayeyarwaddy | 208 | 196 |
| Sagaing | 111 (+25) | 343 (+3) |
| Rakhine | 35 | 77 |
| Bago | 26 | 199 |
| Magway | 5 | 82 |
| Yangon | 2 | 30 |
| Mandalay | 8 | 50 |
| Chin | 9 | 19 (+6) |
| Kachin | 0 | 15 (+1) |
| Mon | 0 | 85 |
| Shan | 0 | 13 |
| Kayin | 0 | 12 |
| **Total** | **404 (+25)** | **1,121 (+10)** |

သက်ကြီးရွယ်အိုများ၊ ကလေးသူငယ်များ၊ နာတာရှည်ရောဂါသည်များအား အထူးကျန်းမာရေးစောင့်ရှောက်မှုများပေးခြင်း၊ လုံခြုံစိတ်ချရသော ကျန်းမာရေးဝန်ဆောင်မှုများပေးခြင်း၊ အာဟာရဖြည့်စွက်တိုက်ကျွေးခြင်း၊ မိခင်နှင့် ကလေး ကျန်းမာရေး စောင့်ရှောက်မှုပေးခြင်း၊ ကျန်းမာရေး ဆိုင်ရာ ဝန်ဆောင်မှုများ၊ အဆောက်အဦများ၊ ပစ္စည်းများကို ပြန်လည်ပြုပြင်ထိန်းသိမ်း ထူထောင်ပေးခြင်း စသည်တို့သည် ကျန်းမာရေးကဏ္ဍတွင် ဦးစားပေးဆောင်ရွက်ပေးရမည့် လုပ်ငန်းများ ဖြစ်ပါသည်။

## အာဟာရဖြည့်စွက်ခြင်း

မသန့်ရှင်းသော ရေအရင်းအမြစ်များနှင့် အစားအစာမလုံလောက်မှုတို့ကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊

ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ကလေးသူငယ်များ၏ အာဟာရပြည့်ဝမှုနှုန်း ကျဆင်းလျက်ရှိပါသည်။ အဆိုပါအခြေအနေကြောင့် အထူးသဖြင့် ၅ နှစ်အောက်ကလေးများ သေဆုံးနှုန်းကို မြင့်မားလာနိုင်ပါသည်။ ကျန်းမာရေးဝန်ကြီးဌာနမှ NRG-5 အရေးပေါ်အစာရိက္ခာ ၂၄၄ သေတ္တာ၊ အထူးဖြည့်စွက်အာဟာရမှုန့် ၁၁၁,၁၂၀ သေတ္တာတို့ကို ဖြန့်ဝေပေးခဲ့ပြီး ဖြစ်ပါသည်။ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်မြို့နယ် ၂၁ မြို့နယ်တွင် အာဟာရဖြည့်စွက်တိုက်ကျွေးခြင်းကို နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

## သောက်သုံးရေနှင့် သန့်ရှင်းရေး

အစီရင်ခံသည့် ကာလအတွင်း ကျန်းမာရေးဝန်ကြီးဌာနမှ ရေဘေးသင့်ဒေသများအတွင်းရှိ ရေအရင်းအမြစ် ၄၄၅၈ ကို ထပ်မံ၍ ကလိုရင်းဆေးခတ်ခဲ့သည့်အတွက် ယခုအခါ စုစုပေါင်း ရေအရင်းအမြစ် ၁၂၈,၄၉၇ ကို ကလိုရင်းဆေးခတ်နိုင်ခဲ့ပြီး ဖြစ်ပါသည်။ လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ ကယ်ဆယ်ရေးစခန်းများတွင် အရေးပေါ် ရေအိမ်များ ထောက်ပံ့ပေးခဲ့ပြီး ရေတွင်း၊ ရေကန်များ ပြန်လည်ပြုပြင်တူးဖော်ခြင်းလုပ်ငန်းများတွင်လည်း ထောက်ပံ့ပေးသွားမည် ဖြစ်ကာ အရေးပေါ် မိသားစုသုံးရေသန့်စင်ဆေးပြားများကိုလည်း သိုလှောင်ထားရှိပြီး ဖြစ်ပါသည်။

သင့်လျော်သော ပူးပေါင်းဆောင်ရွက်ခြင်းနှင့် အစီရင်ခံခြင်းများ ဖြစ်ပေါ်လာစေရန်အတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သောက်သုံးရေနှင့် သန့်ရှင်းရေးအစုအဖွဲ့များအနေဖြင့် မည်သူက၊ မည်သည့်နေရာတွင် မည်သည့်လုပ်ငန်းလုပ်ဆောင်သည်ဆိုသော (3Ws) လုပ်ငန်းစဉ်မှတဆင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် တုံ့ပြန်ရေးဆိုင်ရာ သတင်းအချက်အလက်များကိုတင်ပြရန် ညှိနှိုင်းထားပါသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ နိုင်ငံတော်အစိုးရနှင့်ပူးပေါင်းကာ ကျေးရွာ ၃၀၀ နှင့် ကယ်ဆယ်ရေးစခန်းများတွင် အရေးပေါ်သောက်သုံးရေများနှင့် သန့်ရှင်းရေးသုံးပစ္စည်းထုပ်များကို ထောက်ပံ့ပေးခဲ့ပါသည်။ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် အထူးသဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဘေးသင့်ပြည်သူပေါင်း ၅၀၀,၀၀၀ ဦးကို ဦးတည်ထား၍ ထောက်ပံ့ပေးမှုများ ပေးလျက်ရှိကြောင်း၊ အရေးပေါ် သောက်သုံးရေနှင့် ရေသန့်စင်ဆေးပြားများ ထောက်ပံ့ပေးခြင်းတို့မှတဆင့် ရေကြောင့်ဖြစ်တတ်သော ကူးစက်ရောဂါများ ဖြစ်ပွားခြင်းမှ ကာကွယ်ရန်အတွက် ဦးတည်ဆောင်ရွက်လျက်ရှိကြောင်းနှင့် အဆိုပါလုပ်ငန်းစဉ်များအတွက် အစိုးရရန်ပုံငွေအပြင် ခန့်မှန်းခြေ အမေရိကန်ဒေါ်လာ ၁၇.၅ သန်း ထပ်မံ လိုအပ်မည် ဖြစ်ကြောင်း ခန့်မှန်းတွက်ချက်ထားပါသည်။

*Government Response in WASH, 7 September 2015 – Ministry of Health*
*Changes since previous reporting period in brackets*

| State/Region | Pools/ Wells chlorinated |
|---|---|
| Ayeyarwaddy | 14,489 (+401) |
| Sagaing | 39,451 (+3,071) |
| Rakhine | 28,393 (+868) |
| Bago | 19,146 |
| Magway | 11,326 |
| Yangon | 3,290 (+77) |
| Mandalay | 4,518 |
| Chin | 167 (+41) |
| Kachin | 5,772 |
| Mon | 1,048 |
| Shan | 235 |
| Kayin | 662 |
| **Total** | **128,497 (+4,458)** |

## ပြန်လည်ထူထောင်ရေးကဏ္ဍ

### ရှေးဦးပြန်လည်ထူထောင်ရေး

လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ အခိုအကာ၊ အစားအစာနှင့် အသက်မွေးဝမ်းကျောင်း အပါအဝင် အိမ်ထောင်စုအခြေပြု ဦးစားပေးဆောင်ရွက်မှုကို ဦးတည်ထားသော ရှေးဦးပြန်လည်ထူထောင်ရေးဆိုင်ရာ လမ်းညွှန်ချက်များကို မွမ်းမံပြင်ဆင်လျက်ရှိပါသည်။ အသက်မွေးဝမ်းကျောင်းနှင့် အိမ်ခြေများ ထိခိုက်ပျက်စီးဆုံးရှုံးမှုများ အပါအဝင် ဘေးသင့်ပြည်သူများ လတ်တလောရင်ဆိုင်ကြုံတွေ့နေရသည့် အမျိုးမျိုးသောအခက်အခဲများကို ဖြေရှင်းဆောင်ရွက်နိုင်စေရန်အတွက် အိမ်ထောင်စုတစ်စုခြင်းစီ၏အထူးလိုအပ်ချက်များကို ထည့်သွင်းစဉ်းစားဆောင်ရွက်သွားမည် ဖြစ်ပါသည်။

အောက်ပါဇယားတွင် ပြည်သူပိုင်ပစ္စည်းများနှင့် အခြေခံအဆောက်အဦများအပါအဝင် စီးပွားရေးအရ ထိခိုက်ပျက်စီး ဆုံးရှုံးမှုများအလိုက် ထိပ်ဆုံး မြို့နယ် ၄၀ကို ဖော်ပြထားပါသည်။ အဆိုပါမြို့နယ်များတွင် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများနှင့် အခြေခံအဆောက်အဦများ ထိခိုက်ပျက်စီးဆုံးရှုံးမှု များပြားခဲ့ပြီး ပြန်လည်ထူထောင်ရေးတွင် ဦးစားပေးဆောင်ရွက်ပေးရမည့် ကဏ္ဍများဖြစ်ပါသည်။ ထို့အပြင် အဆိုပါ မြို့နယ် ၄၀ တွင် လက်ရှိအစီရင်ခံထားသည့် စီးပွားရေးအရ ထိခိုက်ပျက်စီးဆုံးရှုံးမှု စုစုပေါင်း၏ ၈၂% ပါဝင်ပါသည်။

*Townships with the highest direct economic losses per capita, economic losses in million Kyat – MNPED*

*The top 20 townships in terms of direct economic loss per capita are highlighted in blue*

| Chin | Rakhine | Magway | Sagaing | Ayeyarwaddy | Yangon | Shan | Bago |
|---|---|---|---|---|---|---|---|
| Hakha<br>5,379 | Ann<br>18,428 | Pwintbyu<br>19,547 | Kalewa<br>2,862 | Ingapu<br>13,273 | Taikkyi<br>7,840 | Tachileik<br>1,516 | Letpadan<br>2,730 |
| Mindat<br>4,342 | Minbya<br>6,156 | Sidoktaya<br>2,908 | Tamu<br>4,869 | Danubyu<br>2,071 | Htantabin<br>2,326 | Mongmit<br>480 | Minhla<br>1,467 |
| Tedim<br>7,188 | Ponnagyun<br>4,298 | Gangaw<br>6,274 | Kale<br>10,236 | Kyaunggon<br>1,306 | | | Monyo<br>1,292 |
| Kanpetlet<br>1,592 | Mrauk-U<br>6,039 | Ngape<br>1,497 | Kawlin<br>2,539 | Kyangin<br>7,09 | | | Thayarwady<br>1,970 |
| Tonzang<br>1,957 | Kyauktaw<br>2,363 | Thayet<br>1,229 | Kanbalu<br>3,680 | | | | Gyobingauk<br>795 |
| Falam<br>2,605 | Kyaukphyu<br>2,235 | Aunglan<br>1,541 | Wetlet<br>1,910 | | | | |
| Paletwa<br>2,444 | | | | | | | |
| Thantlang<br>1,384 | | | | | | | |
| Matupi<br>1,331 | | | | | | | |

### ပညာရေး

ဇူလိုင်လမှ ဩဂုတ်လအတွင်း ကျောင်းပေါင်း ၄၁၁၅ ကျောင်း ပျက်စီးခဲ့ပြီး ၎င်းအနက်မှ ၆၀၈ ကျောင်းသည် လုံး၀ ထိခိုက်ပျက်စီးခဲ့ပါသည်။ အထူးသဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်, ရခိုင်ပြည်နယ်တို့တွင် ပျက်စီးမှု အမြင့်မားဆုံးဖြစ်ပြီး သင်ကြားရေးဆိုင်ရာလုပ်ငန်းများ ၅၄၉ ခု ထိခိုက်ပျက်စီးခဲ့ပါသည်။ ရေဘေးသင့်ကျောင်းများ ပြန်လည်တည်ဆောက်ရေး လုပ်ငန်းအုပ်စုခွဲ School Construction Sub-Working Group သည် အခြေခံပညာဦးစီးဌာနနှင့်ပူးပေါင်းကာ သဘာဝဘေးဒဏ်ခံနိုင်သည့် ကလေးများပျော်ရွှင်စွာ ပညာသင်ယူနိုင်သည့် ပုံစံများဆောက်လုပ်ပေးသွားမည် ဖြစ်ပါသည်။

ပညာရေးဝန်ကြီးဌာနနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများမှ ရေဘေးသင့်ကျောင်းသား၊

ကျောင်းသူ ၂၄၀၀၀ ဦး အား သင်ထောက်ကူပစ္စည်းများ၊ ကျောင်းဝတ်စုံများ၊ ပစ္စည်းစုံထုပ်များ၊ မိုးကာတဲများအပါအဝင် ဖြည့်စွက်ပံ့ပိုးမှုများကိုလည်း ထပ်မံ ထောက်ပံ့ပေးလျက် ရှိပါသည်။ ပညာရေးဝန်ကြီးဌာနှင့် လူသားချင်းစာနာထောက်ထား မှုဆိုင်ရာ မိတ်ဖက်အဖွဲ့အစည်းများသည် ချင်းပြည်နယ်အတွင်း ကယ်ဆယ်ရေးစခန်းများရှိ ကလေးများ ပညာဆက်လက် သင်ကြားနိုင်ရေး လက်တွဲပူးပေါင်း ဆောင်ရွက်လျက်ရှိပါသည်။


## လုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်ရေးကဏ္ဍ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရသည် ရေဘေးတုံ့ပြန်ရေးနှင့် ပြန်လည်ထူထောင်ရေးဆောင်ရွက်မှုများ ရေဘေး သင့်ဒေသအားလုံးသို့ရောက်ရှိဆောင်ရွက်နိုင်ရေး အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီမှတဆင့် သွားရောက်ဆောင်ရွက် ခွင့်ပြုထားပါသည်။ ဘေးကင်းလုံခြုံရေးနှင့် ဒေသတွင်း ဒေသန္တရလုံခြုံရေးတို့အတွက် လူသားချင်း စာနာထောက်ထားမှု ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် သက်ဆိုင်ရာ ဒေသဆိုင်ရာအာဏာပိုင်များနှင့် ပူးပေါင်းဆောင်ရွက် ရန်လိုအပ်လျက်ရှိပြီး အရေးပေါ်ကွပ်ကဲမှုဗဟိုဌာနမှ ခရီးသွားလာခွင့်များကို ထုတ်ပေးလျက်ရှိပါသည်။


Myanmar Information Management Unit

## Number of Damaged and Destroyed Farmland (Acres) in the Flooded Areas

Myanmar - (As of 31 August 2015)




Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.




Disclaimer: The names shown and the boundaries used on this map do not imply official endorsement or acceptance by the United Nations.